ကုန်းတန်းကြီးကျေးရွာ

လပွတ္တာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

## (၂၀၂၂-၂၀၂၃)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ကုန်းတန်းကြီးကျေးရွာ၊ လပွတ္တာမြို့နယ်

( သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည် )



၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

မာတိကာ

စကားချီး

ကုန်းတန်းကြီးကျေးရွာ သယံဇာတပြမြေပုံ

ကုန်းတန်းကြီးကျေးရွာ ရာသီခွင်ပြမြေပုံ

ကုန်းတန်းကြီးကျေးရွာ( Venn Diagram) အဖွဲ့အစည်းပြမြေပုံ

အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ် မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး၊ လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမကာ နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေး ပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလို အပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်

လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်း စစ်သုံး သပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဥ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဥ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြု ဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၂ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ကုန်းတန်းကြီးကျေးရွာ

လပွတ္တာမြို့နယ်

# ကုန်းတန်းကြီးကျေးရွာသယံဇာတပြမြေပုံ၊လပွတ္တာမြို့နယ်



# ကုန်းတန်းကြီးကျေးရွာရာသီခွင်ပြမြေပုံ၊လပွတ္တာမြို့နယ်



ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ကြိမ်ကုန်းကြီးအုပ်စု၊ ကုန်းတန်းကြီးကျေးရွာ ရာသီခွင်ပြမြေပုံ

| အကြောင်းအရာ | ဇွန် / နယုန် | ဇူလိုင် / ဝါဆို | ဩဂုတ် / ဝါခေါင် | စက်တင်ဘာ / တော်သလင်း | အောက်တိုဘာ / သီတင်းကျွတ် | နိုဝင်ဘာ / တန်ဆောင်မုန်း | ဒီဇင်ဘာ / နတ်တော် | ဇန်နဝါရီ / ပြာသို | ဖေဖော်ဝါရီ / တပို့တွဲ | မတ် / တပေါင်း | ဧပြီ / တန်ခူး | မေ / ကဆုန် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် | | ကောက်စိုက် | ကောက်စိုက် | | | ကောက်ရိတ် | ကောက်ရိတ် | ပဲပေါ်း | | | ပေါင်းရှင်း | |
| မိသားစုဝင်ငွေ | ညံ့ | သင့် | သင့် | ညံ့ | ညံ့ | သင့် | သင့် | သင့် | ညံ့ | ညံ့ | သင့် | ညံ့ |
| အသုံးစရိတ် | နည်း | များ | များ | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ချေးငွေလိုအပ်မှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ဝမ်းစာဖူလုံမှု | ညံ့ | သင့် | သင့် | ညံ့ | ညံ့ | သင့် | သင့် | သင့် | ညံ့ | ညံ့ | ညံ့ | ညံ့ |
| သောက်သုံးရေရရှိမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | နည်း | နည်း |
| တိရစ္ဆာန်အစားအစာရရှိမှု | နည်း | နည်း | နည်း | နည်း | နည်း | သင့် | သင့် | နည်း | သင့် | သင့် | နည်း | နည်း |
| ကျန်းမာရေးအခြေအနေ | ညံ့ | ညံ့ | သင့် | သင့် | သင့် | သင့် | ညံ့ | ညံ့ | သင့် | သင့် | သင့် | ညံ့ |
| ပိုးနှင့်ပိုးမွှားကျရောက်မှု | သင့် | သင့် | သင့် | သင့် | သင့် | သင့် | ရှိ | ရှိ | သင့် | ရှိ | သင့် | သင့် |
| ပွဲတော် | | | | | | | | | | | | |
| ရာသီဥတုအခြေအနေ | | | | | | | | | | | | |

ရည်ညွှန်းချက်

- ဆီမီးထွန်း
- ဝါဆိုသင်္ကန်းကပ်ပွဲ
- ကထိန်ပွဲတော်
- တရားပွဲတော်
- ဘုရားထီးတင်ပွဲ
- သင်္ကြန်ပွဲတော်
- ညောင်ရေသွန်းပွဲ
- နေသာ
- တိမ်ထူပြီးမိုး ဖွဲဖွဲရွာ
- မိုးသည်းထန်စွာရွာ

# ကုန်းတန်းကြီးကျေးရွာ၏အဖွဲ့အစည်းပြမြေပုံ(Venn Diagram)



# အပိုင်း (က)

# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကုန်းတန်းကြီးကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ် ကြိမ်ကုန်းကြီး ကျေးရွာ အုပ်စု တွင်တည်ရှိပါသည်။ ကုန်းတန်းကြီးကျေးရွာ၏ ရွာတွင်းလမ်း များသည် များသောအားဖြင့် (၄)ပေကျယ်ဝန်းသောကွန်ကရစ်လမ်းများဖြစ်ပြီး စုစုပေါင်းလမ်း အရှည် (၁၈၀၀)ပေရှိပါသည်။ ကျေးရွာ၏အနောက်မြောက်ဘက်တွင် (၁)မိုင်ခန့်ဝေးသော ပေါ်တော်မူ ကျေးရွာနှင့်ဆက်သွယ်ထားသော ဆက်သွယ်ရေးလမ်းရှိပြီးမြေသားလမ်းဖြစ်ပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် စာသင်ကျောင်း။စာကြည့်တိုက်နှင့်အနောက်ဘက်တွင် နန်းမီးလေး ဘုရားရှိပြီး နွေရာသီသောက်သုံးရေအတွက် သောက်ရေကန်(၂)ကန်ရှိ၍ သောက်ရေအတွက် လုံလောက်မှုရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မမှာ (၅၀)ခန့်ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှ နေပူချိန် (၃၅ °C) အထက် ရရှိသည်။ ကျေးရွာတွင်တပေါင်း၊တန်းခူး၊ကဆုန်လများတွင် နေပူရှိန်ပူပြင်း၍ ဝါဆို၊ဝါခေါင်၊ တော်သလင်းလ များတွင် မိုးများသောကြောင့်ရေကြီးလေ့ရှိပါသည်။ ရေကြီးသော ကြောင့် ကျေးရွာ ရှိတောင်သူလယ်သမားတစ်ချို့မှာ သီးနှံစိုက်ခင်းများပျက်စီး လေ့ရှိပါ သည်။ လယ်ယာမြေများမှ မြေဩဇာအခြေအနေမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ မိုးစပါး စိုက်ပျိုး နိုင်သော လယ်ဧက (၁၈၅)ရှိပြီး တစ်ချို့တောင်သူများမှာ တစ်ပိုင်တစ် နိုင် ရာသီပေါ် သီးနှံများလုပ်ကိုင်ကြပြီး ဥယျာဉ်ခြံ မြေများ ပိုင်ဆိုင်ကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့မှာ အမျိုးသား (၁၁)ဦးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီတွင် အမျိုးသား (၄)ဦး၊ အမျိုးသမီး (၃)ဦး သည်ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို စည်းရုံးလုပ်ဆောင်ပါသည်။ မိခင်ကလေး စောင့်ရှောက်ရေးအဖွဲ့မှာ မ(၅)ဦးရှိပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေးငယ်များ ကျန်းမာရေး ကိစ္စများကိုဆောင်ရွက်ပေးပါသည်။အရန်မီးသတ်တပ်ဖွဲ့ကျား(၃)ဦးတို့မှာလုံခြုံရေးနှင့် ကာကွယ်ရေး လုပ်ငန်များကိုလုပ်ဆောင်ကြပါသည်။

ကျေးရွာတွင်အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်သက်ဆိုင်သော သာရေး/နာရေးလုပ် ငန်းကိစ္စများတွင်ဝိုင်းဝန်းဆောင်ရွက်ကြသော လူငယ်အဖွဲ့တို့မှာ ဆောင်ရွက်မှုအားကောင်းကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင် သာရေး / နာရေး / လူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသားများ စည်းလုံးညီညွတ်စွာဝိုင်းဝန်း ဆောင်ရွက်သောအလေ့အထ အကျင့်ကောင်းများ ရှိပါ သည်။ စစ်ကွဲ

ကျေးရွာတွင်ပြင်ပအဖွဲ့အစည်းများအနေဖြင့်UNDPချေး ငွေအဖွဲ့အစည်းများ ရှိပါသည်။ ၎င်းပြင်ပ အဖွဲ့အစည်းများမှ စိုက်ပျိုးရေးချေးငွေ၊ပညာရေးနှင့်ကျန်းမာရေး ဆောက်လုပ် ရေး လုပ်ငန်းစ သည့်ခေါင်းစဉ်များဖြင့်ချေးယူသုံးစွဲကြပါသည်။ ထို့အဖွဲ့အစည်းများကြောင့် ချေးငွေနှင့် ပတ်သတ် သည့်များမှာ ကျေးရွာလူထုအတွက်အသင့်အတင့်အဆင်ပြေကြောင်းတွေ့ရှိရပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

ကုန်းတန်းကြီးကျေးရွာတွင်(၅)ကေ မှ (၁၂.၅)ကေ ကြားတောင်သူ(၁၂) အိမ်ထောင်စု(၁၂.၅) ကေအ ထက်တောင် သူကြီး(၅) အိမ်ထောင်စုစသည့်တို့ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ဉယျာဉ်ခြံ သီးနှံများကိုအားထားစိုက်ပျိုးကြပါသည်။ကျေးရွာသည် အဓိကဝင်ငွေမှာ လယ်ယာ စိုက်ပျိုးရေး ဖြစ်သောကြောင့်မြေဆီလွှာအရည်းအသွေးအားဖြင့် အသင့်အတင့်ရှိ သောကျေးရွာ ဖြစ်၍ စိုက်ပျိုး ကေ ပိုင်ဆိုင် မှုမှာ (၁၈၅)ကေ၊ဉယျာဉ်ခြံမြေ(၂၅)ကေရှိပါသည်။

ကုန်းတန်းကြီးကျေးရွာသည် လယ်ယာစိုက်ပျိုးမြေပိုင်ဆိုင်မှုအိမ်ထောင်စု(၁၇%)သာရှိပြီး မြေကေ ပိုင်ဆိုင်မှုမှာ(၃)ကေမှအများဆုံး(၄၁)ထိ ပိုင်ဆိုင်ကြပြီး မြေယာမဲ့အိမ်ထောင်စု (၇၀%)ခန့်ရှိပြီး ၎င်းတို့မှာ နေ့စားကျပန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်နှင့်ပြည်တွင်း ပြည်ပသို့သွား ရောက်လုပ် ကိုင်ကြသည်ကို တွေ့ရပါသည်။ကျေးရွာ၏ စပါးစိုက်ကေ (၁၈၅)ကေအား လုံးအတွက် ချောင်းရေကိုပြုလုပ်၍သုံးစွဲပါသည်။မိုးရာသီကုန်းဆုံးချိန်တွင် ရေသည် အငန်ဓာတ်ဝင်၍ နွေစပါး စိုက်ပျိုး ၍ မရရှိဘဲ မိုးစပါးကိုသာစိုက်ပျိုးကြပါသည်။

ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံမှာစပါးဖြစ်ပါသည်။စပါးထွက်နှုန်းမှာနှစ်စဉ်ပုံမှန်မရှိပါရာသီဥ တုအပေါ်မူတည်ပြီးထွက်ရှိပါသည်။စပါးတစ်မျိုးထဲကို စိုက်ပျိုးပြီး တစ်ကေ ပျမ်းမျှထွက်နှုန်း မှာ တင်း(၅၀)ခန့်သာထွက်ရှိပါသည်။ စိုက်ပျိုးရေးအခက်အခဲကြောင့် နွေစပါး၊ ဆောင်းစပါး မစိုက် ပျိုးကြကြောင်းတွေ့ရှိရပါသည်။ကျေးရွာ၏ စိုက်ပျိုးရေးကိရိယာပိုင်ဆိုင်မှုအခြေအနေမှာ ထွန်စက် (၄)စီး၊ လက်တွန်းထွန်စက်(၆)စီး၊ရေစုပ်စက်(၇)ခုစသည့်များ အသီးသီးရှိကြပါသည်ကို တွေ့ရှိရ ပါသည်။ စိုက်ပျိုးရေးသုံးပစ္စည်းများကို ပိုင်ဆိုင်မှုမရှိသော အချို့တောင်သူများသည်လည်း လိုအပ် သောစိုက်ပျိုးရေးသုံးစက်ပစ္စည်းများကို ငှားရမ်းအသုံးပြုလုပ်ကိုင်ကြပါသည်။

ရေလုပ်ငန်းလုပ်ကိုင်သူ၏ ပိုင်ဆိုင်မှုအခြေအနေမှာေလှေ(၆)စင်း၊ စက်လှေ(၂၁)စင်း အိမ်ထောင်စုအသီးသီးမှပိုင်ဆိုင်ကြပြီး အသက်မွေးဝမ်းကျောင်း အားအထောက် အကူပစ္စည်းများ ဖြစ်ပါသည်။ ကျေးရွာရှိအမျိုးသမီးအများစုသည် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် တစ်နိုင်တစ်ပိုင် ကြက်၊ ဝက်၊ ဘဲများမွေးမြူကြပါသည်။ တစ်ချို့သောအမျိုးသမီးအများ စုသည့်ခေါင်းရွက်ဗျက်ထိုး

ဈေးရောင်းခြင်း၊စက်ချုပ်လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်းသော လုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။တစ်ချို့အိမ်ထောင်စုများမှာ ရန်ကုန်မြို့၊မန္တလေးမြို့ကြီး များနှင့် ပြည်ပသို့ ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်နေသူများလည်းရှိကြပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဘဲမွေးမြူထားသည့် အိမ်ထောင်စု(၃)စုရှိပြီး ဘဲကောင်ရေ(၂၀၀)၊ ဝက်မွေး မြူထားသည့်အိမ်ထောင်စု(၂၀)မှ ဝက်ကောင်(၉၆)ကောင်၊ကြက်မွေးမြူသည့် အိမ်ထောင်စု(၂၀)မှ ကြက်ကောင်ရေ(၁၇၂)ကောင် စသည်ဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးကိုလုပ်ကိုင်နေကြရပါသည်။ မွေးမြူရေးနှင့်ရေလုပ်ငန်းကို စီးပွားဖြစ်မွေးမြူအဓိကလုပ်ကိုင်သူအနည်းငယ်သာရှိပြီး အများစုမှာ နေ့စားနှင့်တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများနှင့် ချောင်းမြောင်းများတွင် ငါးဖမ်းသူအနည်းငယ်သာရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် တစ်ပိုင် တစ်နိုင် ဈေးဆိုင်များနှင့် အရောင်းအဝယ်လုပ်ငန်းစသည့် လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ကြပါသည်။ လက်သမား၊ ပန်းရံ လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာ နှင့် အသေးစား အလတ်စား စီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတတ်ပညာ အလွန်နဲပါးသဖြင့် အလုပ်ကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများသို့ လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အား ရှားပါးလာပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကိုမိုးစပါးစိုက်ပျိုးနိုင်ရန်မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ(၁)ဧကလျှင်(၁၅၀၀၀၀/-)ကျပ်နှုန်းဖြင့်ထုတ်ချေးပါသည်။ပုဂ္ဂလိကငွေစုငွေချေးအဖွဲ့အစည်းအနေဖြင့် ပတ်မြန်မာအဖွဲ့ အစည်းများမှ ကျေးရွာသူ/သားများအား ငွေထုတ်ချေးပေးပါသည်။ကျေးရွာသားအများစုသည် ချေးငွေကို အဓိက အားဖြင့် ရိက္ခာဝင်ငွေရလုပ်ငန်းများ ကျန်းမာရေး၊ပညာရေးဆိုင်ရာကိစ္စရပ်များ အတွက် ချေးယူပြီး ကျေးရွာအတွင်းချေးငွေအလိုက်လိုအပ်ချက်များပြား ကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ

အလွန်ဆင်းရဲ မိသားစုများသည် အခြားပုဂ္ဂလိများငွေ(၁၀၀)ကျပ်ပေါ်လျှင် အတိုးနှုန်း(၃)ကျပ် မှ(၁၀) ကျပ်ထိ အတိုးယူကြောင်းတွေ့ရပါသည်။

ပုဂ္ဂလိကချေးငွေများ၏ အတိုးကြီးချေးငွေများကို လယ်သမားစုမှာ မှီခိုချေးယူနေပါသည်။ အတိုးနှုန်းထားများမှာ တစ်ဦးနှင့်တစ်ဦးမတူညီသော်လည်း အနည်းဆုံးတစ်နှစ်လျှင်(၃၆%) တိုးမှ အများဆုံးတစ်နှစ်လျှင်(၆၀%)တိုးထိ ချေးယူသုံးစွဲကြပါသည်။အစိုးရစိုက်ဘဏ်ချေးငွေ ပုဂ္ဂလိက ချေးငွေများအားလုံးသည် ကာလတိုချေးငွေများဖြစ်သည့်အတွက် စပါးဈေးမြင့်သော မေလ၊ ဇွန်လနှင့်ဇူလိုင်လထိအောင် သိုလှောင်မထားနိုင်ဘဲ စပါးဈေးအနိမ့်ဆုံးနှင့် အမြင့်ဆုံး ကွားခြားချက်များမှာ စပါးတင်း(၁၀၀)လျှင်(၁သိန်း)ကျပ်မှ(၂)သိန်းကျပ်ထိ ပုံမှန်ကွာခြားပါသည်။

## ၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ဆိပ်ခံကွန်ကရစ်တံတားမှာသစ်သားတံတားဖြစ်ပြီး ယခုအခါ ယိုးယွင်းပျက်စီးနေပါသည်။ တံတားသက်တမ်းမှာ(၁၅)နှစ်ကြာမြင့်ပြီး ကျေးရွာမှ ချောင်းဘေးတွင် တည်ရှိသောကြောင့် မြစ်၊ချောင်းများကိုသာအဓိကထား အသုံးပြုခြင်းအားဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးအဖြစ် စက်လှေများ၊ သင်ဘောများဖြင့်နီးစပ်ရာ ကျေးရွာများနှင့်မြို့ကြီးများသို့ တင်ပို့ခြင်းတွင် တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။

သယ်ယူပို့ဆောင်ရေးအတွက် ရေလမ်းကိုသာ အသုံးပြု၍ရပါသည်။ကုန်းလမ်းဆက်သွယ်ရေးလမ်းမှာ ကုန်းကျောင်းသာသွားလာလို့ရပါသည်။ နွေရာသီတွင် စက်ဘီး၊ဆိုင်ကယ်များသွားလာရပြီး ကျောင်းသား/သူများမှရေလမ်းမှ သွားလာရပါသည်။ဆက်သွယ်ရေးလမ်းမှာ ရွှေပြည်သာကျေးရွာရှိ အထက်တန်းကျောင်းသို့သွားရောက်ရပါသည်။ ကုန်စည်ကူသန်းရောင်းဝယ်ရေးအတွက် ရေလမ်းကိုသာအသုံးပြုရပါသည်။ ကုန်းလမ်း ဆက်သွယ်ရေးအတွက်အသုံးပြု၍မရပါ။ နှစ်စဉ်ဆန်စပါးနှင့် အခြား ကုန် ပစ္စည်းများကို စက်လှေ၊ သင်္ဘောများနှင့်သာ အသုံးပြု၍ တင်ပို့ရောင်းချရပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

ကုန်းတန်းကြီးကျေးရွာသည် မဟာဓာတ်အားလိုင်းမရရှိသောကြောင့် အိမ်ထောင်စု အများစုမှာဆိုလာမီး တို့ကိုသာအားလုံးနီးပါး အသုံးပြုကြပါသည်။ တီဗွီကြည့်ခြင်း၊ မီးထွန်းခြင်း တို့ကို ဆိုလာနှင့် ကိုယ်ပိုင်မီးစက်တိုဖြင့်သာ အသုံးပြုရပြီး ချက်ပြုတ်ရေး လုပ်ငန်းများ ကို ထင်းမီးသွေးစသည့် လောင်စာများကို အသုံးပြုရပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကုန်းတန်းကြီးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၆၇)လုံး၊ရေဒီယို (၁၀)လုံး၊ တီဗွီ (၁၃)လုံး၊ဂြိုလ်တုစလောင်း(၃)လုံး စသည့်တို့ရှိသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များဆိုင်ရာ နည်းပညာ ရရှိနိုင်သော ပစ္စည်းများအတွက် အသင့်အတင့် ကောင်းမွန်ပါသည်။

## ၆။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိ ပါသည်။ ကျောင်းသား/သူ မူလတန်းအဆင့်တွင်(၄၂)ဦးနှင့်အလယ်တန်းအဆင့်တွင်(၂၀)ဦးရှိပြီး အထက်တန်းအဆင့် (၅)ဦး နှင့် စုစုပေါင်း(၆၇)ဦးရှိပါသည်။ကျေးရွာတွင်အထက်တန်းစာသင်ကျောင်းမရှိသောကြောင့် နီးစပ် ရာ ကျေးရွာဖြစ်သော ရွှေပြည်သာကျေးရွာတွင်သွားရောက်၍တက်ရောက်ရပါသည်။ တက္ကသိုလ်/ကောလိပ် ပညာရေးအား ပုသိမ်မြို့သို့သွားရောက်တက်ရပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာအတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါ။ရွှေပြည်သာ ကျေးရွာ ကျေးလက် ကျန်းမာ ရေး ဌာန(ခွဲ)ရှိသောကြောင့် ၎င်းကျေးရွာတွင် သွားရောက် ကုသရပါသည်။ ကာကွယ် ဆေးတိုက် ကျွေးခြင်းနှင့် ကျန်းမာရေးပညာပေးအစီအစဉ်အခန်းများကိုလည်း လအလိုက်ပုံမှန် ဆောင် ရွက်ခြင်း များပြု လုပ်ကြသည်ကိုတွေ့ရပါသည်။သို့ရာတွင် အရေးပေါ်ကိစ္စများ အသုံးပြုရန် ကျေးရွာပိုင် အရေး ပေါ်ကားမရှိသည့်အတွက် မြို့နယ်ဆေးရုံး များသို့ အရေးပေါ်ပို့ဆောင်ပေးရမည့် လူနာများအတွက် အခက်အခဲများစွာရှိပါသည်။အရေးပေါ်လူနာအတွက်(၂၀)မိုင်ကျော်ဝေးသော လပွတ္တာမြို့နယ်သို့ သွားရောက် ကုသရပါသည်။ကျေးရွာ၏ကျန်းမာရေးအခြေအနေမှာ တစ်ခါတစ်ရံ ရာသီဥတု အပြောင်း အလဲကြောင့် ရာသီဖျားနာခြင်းဖြစ်လေ့ရှိပါသည်။ကျေးရွာအတွင်းရှိ (၂)လမှ (၁၈)လ အထိကလေးများ အားကျေးလက်ကျန်းမာရေးဌာန(ခွဲ)မှ သားဖွားဆရာမသည် လစဉ် ကာကွယ် ဆေး လာရောက်ထိုးနှံခြင်းကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးနှင့် ညွှန်ကြား ချက် အတိုင်းအချိန်မှန်ထိုးနှံပေးပါသည်။တစ်ခါတစ်ရံမိုးရာသီတွင် သွေးလွန်တုတ်ကွေး၊ ဝမ်းပျက်၊ဝမ်းလျှောရောဂါများကို နီးစပ်ရာဆေးခန်းများသို့သွားရောက်၍ ဆေးကုသမှုခံ ယူရပါသည်။ ကျေးရွာရှိ ကလေးများမှာ အာဟာရချို့တဲ့မှုမရှိပါ။ အများစုမှာ ကျန်းမာသန်း စွမ်းကြပါသည်။ ကျန်းမာရေး အတွက် စိုးရိမ်ဖွယ်ရာမရှိ သောကျေးရွာ တစ်ရွာဖြစ်ပါသည်။

ကုန်းတန်းကြီးကျေးရွာသည် အိမ်ထောင်စု(၆၇)ရှိပြီး သန့်ရှင်းသော အိမ်သာသုံးအိမ်ထောင်စုစုစုပေါင်း(၆၇)လုံးရှိပါသည်။ ကျေးရွာသည်အိမ်သာနှင့်ပတ်သတ်သည့် ကျန်းမာရေးဥဏ္ဏာများ ဗဟုသုတများရှိကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင်နှစ်စဉ်မိုးများသောကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ပါသည်။ ရေလွှမ်းမိုးသဖြင့် ကျေးရွာရှိ လယ်မြေသီးနှံပင်များ ပျက်ဆီးဆုံးရှုံးမှုများ ရှိပါသည်။ တစ်ခါတရံ လေပြင်းတိုက်ခတ်မှုများရှိပါသည်။ ကျေးရွာသား/သူများသည် ဘူးခွံ၊ အိတ်၊ အမှိုက်များကိုစနစ်တကျ စွန့်ပစ်တက်သော အလေ့အထမရှိသောကြောင့် သဘာဝပတ်ဝန်းကျင် ညစ်နွမ်းရခြင်းဖြစ်ပါသည်။ သို့ပါ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ပြုလုပ်ပေးခြင်းကြောင့် ကျေးရွာရှိပြည်သူလူထုသည်အသိပညာပေးဗဟုသုတများပြီးပြည့်စုံပြီးဖွံ့ဖြိုးတိုးတက်လာသောကျေးရွာတစ်ရွာဖြစ်လာမည်ဖြစ်ပါသည်။ လပွတ္တာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စနစ်တကျစွန့်ပစ် တက်ရန်အတွက် ပညာပေးဟောပြောထားပြီး အမှိုက်ကင်းစင် ကျေးရွာဖြစ်ဆောင်ရွက် လျက်ရှိပါသည်။

## ၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် လူဦးရေအားဖြင့် အမျိုးသား (၁၄၀)ဦး၊ အမျိုးသမီး (၁၄၅)ဦး ရှိပါသည်။ ကျား/မရေးရာနှင့်ပတ်သတ်၍ တန်းတူအခွင့်အရေးရှိပါသည်။လယ်ယာစိုက်ပျိုးရေးချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် နေ့စား၊ပုတ်ပြတ်နှင့်လပြတ်စသည့် လုပ်သားများငှားရမ်း လုပ်ဆောင်ကြပါ သည်။ တစ်ရက်လျှင် လုပ်အားခအများဆုံးနှုန်းမှာ ငွေကျပ်(၃၀၀၀ကျပ်မှ၅၀၀၀) ကျပ်ထိ နေ့စားခရရှိပြီး ရေလုပ် ငန်းများမှာငွေကျပ်(၅၀၀၀)ထိရရှိနိုင်သော်လည်း အလုပ်အကိုင်အနည်းငယ်သာရှိ၍ အများစုမှာအလုပ်လက်မဲ့ကျပန်းအလုပ်သမားများမှ ရှာဖွေလုပ်ကိုင်ကြပါသည်။ အမျိုးသမီးအများ စု၏ဝင်ငွေရလုပ်ငန်းမှာအလွန်နည်းပါးကြပါသည်။

အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းစသောအိမ်မှုကိစ္စများဆောင်ရွက်ကြပါသည်။လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများ သည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်းများ လုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသား များသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြပါသည်။ပုတ်ပြတ်လုပ်သားများတွင် တန်းတူအခွင့် အရေးရှိပါသည်။စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်း ပါဝင်ကြပါသည်။ကျေးရွာအတွင်း လူကုန်ကူးမှု၊ လိမ်အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ပတ်သတ်၍ အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက် မှုများ မရှိပါ။ မူလတန်းကျောင်းပညာရေးမှတက္ကသိုလ်ပညာရေးထိကျား/မ တန်းတူအခွင့် အရေးရှိ ပါ သည်။

## ၁၀။ ကုန်းတန်းကြီးကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ဆိပ်ခံကွန်ကရစ်တံတား | ၁ |
| ၂ | အခြေခံအဆောက်အဦ | ချောင်းကူးတံတား | ၂ |
| ၃ | အခြေခံအဆောက်အဦ | ကျေးရွာတွင်း(ကွန်ကရစ်လမ်း) | ၃ |
| ၄ | အခြေခံအဆောက်အဦ | ကုန်တန်းကြီး-<br>ပေါ်တော်မူဆက်သွယ်ရေးလမ်း | ၄ |
| ၅ | ငွေကြေး | အတိုးနည်းချေးငွေ | ၅ |

# အပိုင်း (၁)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)**

**ကျေးရွာ - ကုန်တန်းကြီး**

**ကျေးရွာအုပ်စု - ကြိမ်ကုန်းကြီး**

**မြို့နယ် - လပွတ္တာ**

**တိုင်းဒေသကြီး/ပြည်နယ် - ဧရာဝတီ**

**စီမံချက်အမည် - ဆိပ်ခံကွန်ကရစ်(၃၀’×၇’×၁၂’)အား ဆိပ်ခံကွန်ကရစ်တံတား အဆင့်ြ မြှင့်တင်ခြင်း**

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့)လက်ရှိအခြေအနေ**

. ယခုလက်ရှိအခြေအနေမှာ ဆိပ်ခံတံတားမရှိပါ။ခရီးသည်များနှင့်ကျောင်းသားကျောင်းသူများ၊ ကုန်ထုတ်လုပ်ငန်းပစ္စည်းများတင်ချရာတွင် အခက်အခဲရှိပါသည်။

. လက်ရှိကျေးရွာသည် ရေလမ်းကြောင်းဖြစ် သယ်ယူပို့ဆောင်ရသော ကျေးရွာဖြစ်သောကြောင့် ကမ်းကပ်တံတားမရှိကြောင်းတွေ့ရှိရပါသည်။

**စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုမိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

. ယခုကျေးရွာတွင်ဆိပ်ခံတံတားမရှိသည့်အတွက် ဆိပ်ခံကွန်ကရစ်တံတားအသစ် တည်ဆောက်မည် ဆိုပါက ကျေးရွာသူ/သားများလွယ်ကူစွာတက်/ ဆင်းနိုင်စေရန်။

. ပညာရေး၊ကျန်းမာရေးအတွက်သွားရောက်ရာတွင် အဆင်ပြေ၍ စိတ်ချမ်းသာစွာ သွားရောက် နိုင်စေရန်၊

. ကျေးရွာပို့ကုန်/သွင်းကုန်များတင်ချရာတွင် အန္တရာယ်ကင်းကင်းစိတ်ချလွယ်ကူစွာတင်ချနိုင်စေရန်

**မျှော်မှန်းအကျိုးရလာဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

. ဆိပ်ခံကွန်ကရစ်တံတားရရှိမည်ဆိုပါကခရီးသယ်များ ကုန်ထုတ်လုပ်မှုပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်ပါမည်။

. ကျောင်းသား/သူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့် ကျောက်ပျက်နှုန်းနည်းလာပြီး ပညာတက်မြောက်သူဦးရေ များလာမည်။

. ကျန်းမာရေး အရေးပေါ်အခြေအနေများတွင်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ကြောင့် နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်းများသို့ အချိန်မှီ သွားရောက်နိုင်ပြီး မတော်တဆသေဆုံးမှု များ လျော့ကျလာမည်။

. လှေ(သို့)စက်လှေ အစီးအတိုးပွားလာနိုင်ပြီး ကျေးရွာ၏ စီးပွားရေးအခြေအနေဖွံ့ဖြိုးလာနိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

. ဆိပ်ခံကွန်ကရစ်တံတား(၃၀'×၇'×၁၂')အသစ်တည်ဆောက်ရန်

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
|---|---|
| . ၁၀၀၀၀၀၀၀/- (ငွေသား) | . ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| . ၂၀၀၀၀၀၀/- (ငွေသား) | . ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | **၁၄၀** | **၁၄၅** | **၂၈၅** | ၂ | ၂၀ | ၄၁ | ၂၉ | **၉၂** |
| **အကျိုးခံစားမည့်သူဦးရေ** | **၁၄၀** | **၁၄၅** | **၂၈၅** | ၂ | ၂၀ | ၄၁ | ၂၉ | **၉၂** |

မှတ်ချက်၊ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)**

. ကုန်းတန်းကြီးကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

. မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း-၂၀၂၂ခုနှစ် ၊စက်တင်ဘာလ ၂၃ ရက်**

**(၃) စီမံချက်ပြီးစီးမည့်အချိန်- ၂၀၂၂ ခုနှစ် ၊ဒီဇင်ဘာ လ (၅) ရက်**

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်-**

. ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များ ကို ပွင့်လင်းစွာ ချပြတိုင်ပင်ဆွေးနွေးပါမည်။

.ကုန်းတန်းကြီးကျေးရွာမှ ကျေးရွာသူ/သားများမှ ငွေကြေး (၁၀)ကျပ်အားပူးပေါင်း ထည့်ဝင်ပါမည်။

. လိုအပ်ပါက လုပ်အားထည့်ဝင်နိုင်ရေး ကြိုးစားဆောင်ရွက်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင် ရာ အစီအစဉ်များ**

. လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက်ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။

. လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင် ခြင်းလုပ်ဆောင်ပါမည်။

. တံတားအခြေအနေအား ရေရှည်တည့်တံ့ကောင်းမွန်စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်း

မှုများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီများ မှ ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကူအညီဖြင့် ဆောင်ရွက်သွားပါမည်၊

. ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူ/ သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ(သို့)စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

## ကုန်းတန်းကြီးကျေးရွာ ၊ ကြိမ်ကုန်းကြီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအေးမင်းထွန်း | ဦးလှအေး | ၁၄/လပတ(နိုင်)၁၇၇၆၄၇ | ၃၁ | ဥက္ကဋ္ဌ | ၀၉-၇၅၉၃၅၁၉၂၉ |
| ၂ | ဒေါ်မြတ်ကေခိုင် | ဦးမြင့်ဦး | ၁၄/လပတ(နိုင်)၂၁၆၁၅၈ | ၂၉ | အတွင်းရေးမှူး | ၀၉-၄၂၂၁၀၇၂၂၈ |
| ၃ | ဦးထွန်းထွန်းဦး | ဦးလှအေး | ၁၄/မမန(နိုင်)၁၉၃၉၁၅ | ၃၇ | ဘဏ္ဍာရေးမှူး | ၀၉-၇၉၃၉၈၅၂၀၂ |
| ၄ | ဒေါ်သင်းဖြူ | ဦးကျော်မိုးနိုင် | ၁၄/လပတ(နိုင်)၂၇၇၇၃၄ | ၁၉ | စာရင်းကိုင် | ၀၉-၄၄၇၂၀၃၈၀၃ |
| ၅ | ဒေါ်အေးသက်မွန် | ဦးမြင့်ထွေး | ၁၄/လပတ(နိုင်)၁၉၄၉၄၆ | ၃၂ | အဖွဲ့ဝင် | ၀၉-၄၅၅၈၉၅၈၈၆ |
| ၆ | ဦးရဲဇော်ထိုက် | ဦးသန်းဝင်း | ၁၄/လပတ(နိုင်)၁၅၆၂၁၉ | ၃၆ | အဖွဲ့ဝင် | ၀၉-၄၅၅၈၉၅၈၈၆ |
| ၇ | ဦးကျော်မိုးနိုင် | ဦးအောင်လှ | ၁၄/လပတ(နိုင်)၁၅၂၂၃၀ | ၃၆ | အဖွဲ့ဝင် | ၀၉-၆၈၃၈၆၂၇၀၄ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | | | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၆ | ၆ | ၁၂ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၆ | ၇ | ၁၃ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၁၈ | ၁၁၈ | ၂၃၆ | ၁ | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀ | ၁၂ | ၂၂ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂ | ၄ | ၆ | | |
| စုစုပေါင်း | | ၁၄၀ | ၁၄၅ | ၂၈၅ | ၁ | |
| စုစုပေါင်း အိမ်ထောင်စု | | ၆၇ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)



နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။ ကုန်းတန်းကြီးကျေးရွာသည် လူဦးရေအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာသည်ဗမာလူမျိုးများနေထိုင်ကြပြီးအိမ်ထောင်စုအားဖြင့်(၆၇)စုရှိပြီး လူဦးရေ(၂၈၅)ဦးရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၇ | | | ၁၇ | ၁၇ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | | | ၁၀ | ၁၀ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၃ | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု<br><br>(မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၆၀ | ၁၂၃ | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၆၇ | ၁၈၅ | | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသ

ည်။ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအများဆုံးလုပ်ကိုင်ခြင်းဖြင့် အဓိကဝင်ငွေရရှိသူများဖြစ်ပါသည်။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ရေလုပ်ငန်းကိုယ်ပိုင်လုပ်ကိုင်သူ အိမ်ထောင်စုဝင်များနှင့် အခြားဝင်ငွေရလုပ်ကိုင်သူအိမ်ထောင်စုများအားလုံး၏အလုပ်အကိုင်အခွင့်အလမ်း အလားလာ အနေထားမှာ အသင့်အတင့်ရှိသည်။**

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ =** (လစာ÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ**×**၈**)

**လေ့လာတွေ့ရှိချက်။။** ကျေးရွာတွင် နေ့စားကျပန်းများသော်လည်း လုပ်အားခနှုန်းထားမှာအသင့်အတင့်ရှိကြောင်း ရာသီအလိုက်လုပ်ကိုင်ကြကြောင်းတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၁၆၀ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့် ☐ ညံ့ ✔ |
| **ဥယျာဉ်ခြံမြေ** | ၂၅ | ကောင်း ☐ သင့် ☐ ညံ့ ✔ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၈၅** | ☒ |

**ရင်းမြစ် …** (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။။** ကျေးရွာသည် အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးနှင့်ရေလုပ်ငန်းဖြစ်သောကြောင့် မြေဆီလွှာ အရည်အသွေးအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ စိုက်ပျိုးရေးလယ်ကေ ပိုင်ဆိုင်မှုမှာ (၁၆၀) ကေ၊ ဥယျာဉ်ခြံမြေမှာ(၂၅)ကေနှင့်ဓနိမြေမရှိပါ။မြေဆီလွှာအရည်အသွေးမှာ စပါးသီးနှံ အတွက်သင့်တင့် သော်လည်း အခြားသီးထပ်သီးနှံများစိုက်ပျိုးနိုင်ခြင်းမရှိပါ။

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☐ နည်း ☐မရှိ ✔ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ✔ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့် ✔ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေအောက်ရေ** | များ ☐ သင့်☐ နည်း ☐ | လွယ် ☐ ခက်☐ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| (**တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း**) | မရှိ ✔ | အသုံးမပြုနိုင်ပါ ☐ | အပြောင်းအလဲမရှိ ☐ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော - ဒီရေတောများ** | များ ☐ သင့်☐ နည်း ✔ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။။** ကျေးရွာတွင်သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများမရှိသည့်အတွင် ၎င်းတို့နှင့်ပတ်သတ်ဆက်နွယ်သောလုပ်ငန်းများအသုံးပြုလုပ်ကိုင်ခြင်းမရှိပါ။လမ်းခင်းကျောက်များအား လပွတ္တာမြို့နယ် တစ်ဝိုက် မှာ ဝယ်ယူနိုင်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနေနှင့်ငှက်မျိုးများ၊ရေချို ငါးမျိုးစိတ်များ အနည်းအကျဉ်းစီရှိသည်ကိုတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသောအိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သောအိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | **၂၀ဧကမှ၂၅ဧကထိ** | **၁၀ဧကမှ၁၂ဧကထိ** | **၅ဧကမှ၁၀ဧကထိ** | ၂ဧကမှ၅ဧကထိ |
| **အိမ်အခြေအနေ** | **ဓနိမိုး၊ပျဉ်ခင်း၊ဓနိကာ** | **ဓနိမိုး၊ဓနိကာ** | **ဓနိမိုး၊ဓနိကာ** | **ဝါးအိမ်၊ဓနိမိုး/ကာ** |
| ကုန်ထုတ်လုပ်မှုနှင့် | **စက်လှေ၊ထွန်စ** | **စက်လှေ/လှေ** | **လှေ** | **မရှိ** |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| ဆိုင်သောပိုင်ဆိုင်မှု | ကာ် | | | |
| အဓိကစီးပွားရေးလုပ်ငန်း | စိုက်ပျိုးရေး/ရေလုပ်ငန်း | စိုက်ပျိုးရေး/ရေလုပ်ငန်း/ဈေးရောင် | ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၁၀ | ၁၀ | ၁၇ | ၃၀ |

**ရင်းမြစ်** … (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။။။** ကျေးရွာအိမ်ထောင်စုအားဖြင့်(၈၂)အိမ်ရှိပြီး အဆင်ပြေသောအိမ်ထောင်စုမှာ (၂.၁၇%)မှာ ဝင်ငွေကောင်းသောစိုက်ပျိုးရေးနှင့်ရေလုပ်ငန်းများလုပ်ကိုင်ကြပါသည်။အလယ်အလတ်အိမ်ထောင်စုမှာ (၂၁.၇၃%)မှာ ဝင်ငွေအသင့်တင့်ရသော စိုက်ပျိုးရေး၊ရေလုပ်ငန်း၊အရောင်းအဝယ်လုပ်ငန်းများကို လုပ်ကိုင်အသက် မွေးကြပါသည်။ မပြေလည်သောအိမ်ထောင်စုမှာ (၄၄.၅၆%)ကျပန်း လုပ်ငန်းများလုပ်ကိုင်အသက်မွေးဝမ်း ကျောင်း ပြုကြပါသည်။ အလွန်မပြေသောအိမ်ထောင်စုမှာ(၃၁.၅၂%)မှာကြုံရာကျပန်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

